# AROMA

ဝိညာဉ်ရေးရာစာစောင်

Calvary Burmese Church, 755, 8th Street, NW Washington DC 20001, Tel; (202) 347-8355, www.geocities.com/aromadc; www.cbc-dc.com

March 2008 အတွဲ ၅၊ အမှတ် ၃။ ကရာနီမြန်မာအသင်းတော်(ဝါရှင်တန်ဒီစီ)ဧဝံဂေလိနှင့်သာသနာပြုဌါနမှထုတ်ဝေသည်။

ခရစ်တော်သည်ငါတို့ကိုချစ်တော်မူသောအားဖြင့်၊ ဘုရားသခင့်ရှေ့တော်၌မွှေးကြိုင်သောအနံ့ရှိစေခြင်းငှါ၊ ကိုယ်ကိုကိုယ်ဆက်ကပ်၍ယဇ်ပူဇော်လျက်၊ ငါတို့အတွက်စွန့်တော်မူသည်နည်းတူ၊ သင်တို့သည်မေတ္တာတရား၌ကျင်လည်ကြလော့။ (ဧဖက် ၅း၂)

## ကျွန်ုပ်တို့ဆုတောင်းသောအခါ

ဆုတောင်းခြင်းဆိုသည်မှာ ဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်း(ဝါ) အပြန်အလှန်စကားပြောခြင်းဖြစ်သည်။ ၎င်းတွင် ကျွန်ုပ်တို့၌လိုအပ်သော အရာများကို တောင်းလျှောက်ခြင်းလည်းပါဝင်သည်။ ဆုတောင်းပဌနာပြုခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ စိတ်နှလုံးတော်ကို တို့ထိခြင်းဖြစ်သည်။ ထိုအခါ ကိုယ်တော်သည် သူ၏လက်တော်ကို ဆန့်တန်းလျက် တန်ခိုးတော်အားဖြင့် ကျွန်ုပ်တို့ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာအခက်အခဲတို့ကို ဖြေရှင်းပေးတော်မူသည်။ သည်အကြောင်းနဲ့ပတ်သက်ပြီး သမ္မာကျမ်းစာ၌ ဖော်ပြထားသည့် သက်သေ၊ သာဓကအချို့ကို ကောက်နှုတ်ဖော်ပြပါမည်။

### ၁။ **အနာရောဂါငြိမ်းခြင်း**

''အာဗြဟံသည်လည်း ဘုရားသခင်ကို ဆုတောင်း၍ ဘုရားသခင်သည် အဘိမလက်မင်းနှင့် သူ၏မယား၊ သူ၏ကျွန်မတို့ကို အနာပျောက်စေတော်မူသဖြင့် သူတို့သည် သားကိုဘွားမြင်ကြ၏''(ကမ္ဘာ ၂၀း၁၇)။

မိရိအံ၏ နူနာရောဂါကို ပျောက်ကင်းစေဖို့ရန် အတွက် မောရှေက ''အိုဘုရားသခင် သူ၏အနာကိုပျောက်စေတော်မူပါ။ အကျွန်ုပ်တောင်းပန်ပါ၏'' ဟုထာဝရဘုရားအား အော်ဟစ်သည့်အခါ ဘုရားသခင်က ပျောက်ကင်းချမ်းသာခွင့်ကိုပေးပါသည် (တော ၁၂း၁၃–၁၅)။

### ၂။ **မှန်ကန်သော ဘဝကြင်ဖော်ကိုရရှိခြင်း**

ဣဇက်အတွက် မှန်ကန်သော ဘဝကြင်ဖော်ကို ရရှိဖို့ရန်အတွက် အဖအာဗြဟံ၏ ကျွန်သည် တိကျစွာဆုတောင်းခဲ့သည်။ ထိုဆုတောင်းချက်ကို ဘုရားသခင် နားညောင်းတော်မူသောကြောင့် သတို့သမီး ရေဗက္ကာ ကိုရရှိခဲ့ပါသည် (ကမ္ဘာ ၂၄း၁၂– ၁၄၊ ၆၆–၆၇)။

### ၃။ **သား၊ သမီးမွေးဖွါးခြင်း**

ဣဇက်သည် မိမိမယား ရေဗက္ကာမြုံသောကြောင့် ထာဝရဘုရားကိုတောင်းပန်သည့်အခါ ထာဝရဘုရားနားထောင်တော်မူသဖြင့် သူမ၏မယားသည် ပဋိသန္ဓေစွဲယူနိုင်လေသည် (ကမ္ဘာ ၂၅း၂၁)။

...သင်တို့အပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစ၍သော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်......(တမန် ၁း၈)

ယခုလဖတ်စရာ


- ကျွန်ုပ်တို့ဆုတောင်းသောအခါ
- ငါ့အတွက်ကတော့အသက်ရှင်နေတာ အမေအတွက်ပါ။
- မှတ်သားစရာ
- ကယ်တင်ခြင်းသင်ခန်းစာများ
- လူဆိုသည်မှာ
- နေ့စဉ်ခွန်အား
- ဆုတောင်းခြင်း၏တန်ခိုး


ဝိညာဉ်ရေးအကြံပေး

သိက္ခာတော်ရဆရာစောလယ်ထူး

အယ်ဒီတာအဖွဲ့

ဦးကမ် (**ထုတ်ဝေရေး**)

ukamaroma@gmail.com

သောင်းနိုး (**ကွန်ပြူတာစာတည်း**)

thawngnoaroma@gmail.com

ကွန်ပြူတာစာစီ

မတင်လေးခိုင်(နယူးယောက်)

မစိမ်းလဲ့ခိုင်(နယူးယောက်)

ဆက်သွယ်ရန်လိပ်စာ

3401 Sudlersville South
Laurel, MD 20724
thawngnoaroma@gmail.com
Tel: 301-776-6820

ဟန္နသည် ညှိုးငယ်သော စိတ်နှင့် ထ၍ မျက်ရည်များစွာကျလျက် ထာဝရဘုရားကို ဆုတောင်းသည်မှာ ''အို ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၊ ကိုယ်တော် ကျွန်မ၏ ဆင်းရဲခြင်းကိုကြည့်ရှုအောက်မေ့သဖြင့် သားယောကျ်ားကိုပေးသနားတော်မူလျှင် သူ၏ဆံပင်ရိတ်ခြင်းကို အလျှင်းမပြုပါ။ တသက်လုံး ထာဝရဘုရား၏ ကျွန်ဖြစ်စေခြင်းငှာ ကျွန်မအပ်ပါမည်ဟု သစ္စာကတိပြုပါသည် (၁ ရာ ၁း၁၁)။

၎င်းနောက် လေကာနသည် မိမိမယား ဟန္နနှင့် ဆက်ဆံသည့်အခါ ထာဝရဘုရားအောက်မေ့တော်မူသဖြင့် ဟန္နသည် ပဋိသန္ဓေစွဲယူ၍ ကာလအချိန်စေ့သောအခါ သားယောကျ်ားကိုဖွါးမြင်ပါသည်။ ထိုသားကို ထာဝရဘုရားထံ၌ ဆုတောင်းသောကြောင့် ရှမွေလအမည်ဖြင့် မှည့်လေသည် (၁ ရာ ၁း၁၉–၂၀)။

### ၄။ ဆင်းရဲခြင်းမှလွတ်မြောက်၍ ချမ်းသာကြွယ်ဝခြင်း။

ဆင်းရဲနုံချာလှသော ယာဗက်က ''ကိုယ်တော်သည် အကျွန်ုပ်ကိုအစဉ်ကောင်းကြီးပေး ၍ အကျွန်ုပ်နေရာကို ကျယ်ဝန်းစေတော်မူပါ။ အကျွန်ုပ်သည် ဘေးဥပဒ်၊ အနှောင့်အယှက်နှင့် ကင်းလွတ်ပါမည့်အကြောင်း လက်တော်သည် အကျွန်ုပ်ဘက်၌နေ၍ ကွယ်ကာစောင့်မတော်မူပါဟု ဣသရေလအမျိုး၏ ဘုရားသခင်အား ဆုတောင်းတတ်၍ တောင်းသောဆုကို ဘုရားသခင်ပေးသနားတော်မူပါသည် (၅ ရာ ၄ း၁၀)။

### ၅။ စစ်ပွဲ၌ အနိုင်ရရှိခြင်း

ယုဒရှင်ဘုရင် ယောရှဖတ်လက်ထက်၌ မောဘအမျိုးသား၊ အမ္မုန်အမျိုးသားတို့သည် ဒိုးအမျိုးသား အချို့နှင့်တကွ ယောရှဖတ်ကို စစ်တိုက်မည်ဟု ချီလာကြ၏။ (၆ ရာ ၂၀း၁) ယောရှဖတ်က ''အိုအကျွန်ုပ်တို့ဘုရားသခင် အကျွန်ုပ်တို့ကို တိုက်အံ့သောငှါလာသော ဤ အလုံးအရင်းကြီးကို အကျွန်ုပ်တို့သည် ဆီးတားခြင်းငှာ မတတ်နိုင်ပါ။ အဘယ်သို့ပြုရမည်ကို မသိပါ။ ကိုယ်တော်ကိုသာမျှော်ကြည့်လျက်နေကြပါသည်'' ဟု ဆုတောင်းခဲ့သည်။ ဆုတောင်းခြင်း၏ အဖြေကားအံ့သြစရာကောင်းလှသည်။ ရန်သူတို့သည် အချင်းချင်း တစ်ယောက်ကိုတစ်ယောက် တိုက်ခိုက်၍ မြေပေါ်မှာလဲသော အသေကောင်ဖြစ်ကြ၏ (၆ ရာ ၂၀ း၂၃–၂၄)။

### ၆။ နက်နဲသောအရာများကိုဖွင့်ပြခံရခြင်း။

နေဗုခဒ်နေဇာမင်းကြီး၏ အိမ်မက်အနက်ကိုဖွင့်ပြနိုင်ဖို့ရန်အတွက် ဒံယေလက သူ၏အပေါင်းအဖော် ဟာနနိ၊ မိရှေလ နှင့် အာဇရိတို့အား ''ဘုရားသခင်ထံ ဆုတောင်းသံကို ဘုရားသခင်နားညောင်းတော်မူ၍ ညအခါ ဗျာဒိတ်တော်အားဖြင့် ထိုနက်နဲသောအရာကို ဒံယေလအားဖွင့်ပြခဲ့ပါသည် (ဒံ ၂း၁၉)။

### ၇။ ပြိုပျက်ရာကိုပြုပြင်တည်ဆောက်နိုင်ခြင်း

အာတဇေရဇ် မင်းကြီးလက်ထက်၌ နေဟမိ သည် ရှုရှန်နန်းတော်၌ ရှိနေစဉ်အခါ ''ယေရုရှလင်မြို့ရိုးသည် ပြိုပျက်လျက်၊ မြို့တံခါးလည်း မီးလောင်၍ ကုန်ပြီ'' ဟူသော သတင်းကိုကြားရလေသည်။ ထိုအခါ နေဟမိသည် အင်တန်ကာလပတ်လုံး ငိုကြွေးမြည်တမ်းလျက် အစာရှောင်လျက်နေ၍ ယေရုရှလင်မြို့ကို ပြုပြင်နိုင်မည့် အကြောင်း၊ ဘုရားသခင်ထံဆုတောင်း ပဌနာပြုခဲ့သည်။

ဘုရားသခင်သည် အာတဇေရဇ်မင်းကြီး၏ စိတ်နှလုံးကို တို့ထိစေတော်မူသောကြောင့် နေဟမိအား ယေရုရှလင်မြို့ရိုးကို ပြန်လည် တည်ဆောက်ဖို့ အခွင့် ပေးခဲ့ပါသည် (နေဟမိ အခန်းကြီး ၁၊ ၂)။

### ၈။ အကျဉ်းထောင်မှလွတ်မြောက်ခြင်း။

ပေတရုသည် ထောင်ထဲ၌ အကျဉ်းကျနေစဉ် သင်းဝင်သူတို့သည် သူ့အတွက် ကြိုးစား၍ ဆုတောင်းပဌနာပြုကြသည်။ (တမန် ၁၂း၅) ၎င်းတို့၏ဆုတောင်းသံကို ဘုရားသခင်နားညောင်းတော်မူသောကြောင့် ကောင်းကင်တမန်ကိုစေလွှတ်ပြီး ပေတရုအား အကျဉ်းထောင်မှ လွတ်မြောက်စေခဲ့ပါသည် (တမန် ၁၂း၁၁)။

ပေါလုနှင့် သိလ တို့သည်လည်း ထောင်၌ အကျဉ်းကျခံရစဉ် သန်းခေါင်အချိန်၌ ပဌနာပြု၍ ချီးမွမ်းလျက်သီချင်းဆိုသည့်အတွက်ကြောင့် နောက်တစ်နေ့နံနက်တွင် ထောင်မှလွတ်မြောက်စေခဲ့ပါသည် (တမန် ၂၅း၃၅)။

### ၉။ နိမိတ်လက္ခဏာများမြင်တွေ့ရခြင်း

ဧလိယသည် ကျွန်ုပ်တို့ကဲ့သို့ လောကဓံတရား၌ ကျင်လည်သောသူဖြစ်သော်လည်း မိုးမရွာမည့်အကြောင်း အထူးသဖြင့် ဆုတောင်းသည့်အခါ သုံးနှစ်နှင့် ခြောက်လပတ်လုံး မြေပေါ်သို့ မိုးမရွာဘဲနေခဲ့သည်။ တဖန်ဆုတောင်းသည့်အခါ မိုးကောင်းကင်သည် မိုးရွာစေပြီ။ မြေကြီးသည်လည်း မိမိအသီးကိုသီးလေသည် (ယာကုပ် ၅း၁၇–၁၈)။

### နိဂုံး

ချစ်သောမိတ်ဆွေ ... ကျွန်ုပ်တို့အသက်တာ၊ မိသားစု၊ အသင်းတော် နှင့် တိုင်းနိုင်ငံ၌ ရင်ဆိုင်ကြုံတွေ့နေရသော မည်သည့် အကျပ်အတည်း၊ အခက်အခဲပြဿနာကိုမဆို ဖြေရှင်းပေးနိုင်သည့် တဆူတည်းသောအရှင် ထာဝရဘုရားသခင်ထံ စိတ်နှလုံးအကြွင်းမဲ့ဖြင့် ဆုတောင်းပဌနာပြုကြပါစို့။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဆုတောင်းသံကိုနားညောင်းပြီး အဖြေပေးတော်မူမည် ဆိုတာသိပ်ကိုသေချာလှပါသည်။

''ယုံကြည်ခြင်းပါလျက် ပဌနာပြု၍ ဆုတောင်းသမျှတို့ကို သင်တို့သည်ရကြလိမ့်မည်ဟု မိန့်တော်မူ၏'' (မဿဲ ၂၁–၂၂)။

သိန်းသန်း

# ငါ့အတွက်ကတော့အသက်ရှင်နေတာ အမေ့အတွက်ပါ

## For Me to Live Is for Mom

*ငါ့အသက်ရှင်သည်အရာမှာ ခရစ်တော်ဖြစ်၏။ (ဖိလိပ္ပိ၊ ၁း၂၁)*

ကျွန်တော့်ရဲ့ ကလေးနှစ်ယောက်ကို မွေးဖွားခဲ့တဲ့အချိန်တွေမှာ ကျွန်တော့်မှာ လုပ်စရာအလုပ်တွေ သိပ်များနေခဲ့တဲ့အတွက် ကလေးမွေးခြင်းရဲ့ သဘာဝတရားကို တိတိကျကျသိဖို့ ကျွန်တော်အချိန်မပေးနိုင်ခဲ့ပါဘူး။ သို့သော်လည်း မြေးကလေးရောဘတ်(Robert)ကိုရတဲ့အချိန်မှာတော့ သားမက်ဖြစ်သူ ဆရာဝန်ဂျွန်(John) နဲ့ အဲဒီကိစ္စကို တော်တော်ကလေးဆွေးနွေးဖြစ်ခဲ့ကြပါတယ်။ ကလေးငယ်လေးဟာ မိခင်ရဲ့ဝမ်းတွင်းမှာရှိစဉ် ရေများနဲ့ ဝန်းရံခြင်းခံထားရတယ်လို့ သိရပါတယ်။ ရေထဲမှာရှိနေတဲ့ကလေးဟာ ဘယ်လိုများ အသက်ရှင်နိုင်ပါလိမ့်မလဲလို့ တွေးချင်စရာပါ။ ရေထဲမှာငါးနေတယ်ဆိုရင် သဘာဝတရားဖြစ်ပေမယ့် ရေထဲမှာလူနေတယ်ဆိုတာ ဟုတ်ပါ့မလားလို့ တွေးချင်စရာပါ။ ဒါကြောင့်လည်း ကျွန်တော်ပင် သမီး ဒယ်ဘီ (Debbie) ကို "သမီးကလေးမွေးတဲ့အခါ ငါးကလေးတော့ မမွေးပါဘူးနော်" လို့ပြောပြီး စမိပါတယ်။ ကိုယ်ဝန်ဆောင် မိခင်ရဲ့ ဗိုက်ထဲမှာရှိနေတဲ့ ကလေးငယ်ဟာ ရေတွေနဲ့ဝန်းရံပြီး နေရပေမယ့် တကယ်တမ်းကျတော့ သူဟာ မိခင်နဲ့ဆက်သွယ်ထားတဲ့ ချက်ကြိုးကနေ သူအသက်ရှင်ဖို့ လိုအပ်တာမှန်သမျှကို ရရှိခဲ့ပါတယ်။ တနည်းအားဖြင့် ပြောရလျှင် ကလေးငယ်လိုအပ်တာ မှန်သမျှ မိခင်ကြီးက ထိုချက်ကြိုးမှတဆင့် ပံ့ပိုးပေးနေခဲ့ပါတယ်။ ကလေးတဦး အသက်ရှင်နိုင်ဖို့ လိုအပ်တဲ့ အခြေအနေအားလုံးဟာ မိခင်အပေါ်မှာ အမှီသဟဲပြုနေရတဲ့သဘောဘဲဖြစ်ပါတယ်။ မိခင်သာ အသက်ရှုရပ်သွားရင်အထဲက ကလေးငယ်လည်း အလိုလိုအသက်ရှုရပ်သွားမှာဖြစ်ပါတယ်။ မိခင်ရဲ့နှလုံး ရပ်သွားရင် ကလေးရဲ့နှလုံးလည်း ရပ်သွားမှာဖြစ်ပါတယ်။ မိခင် အစာမစားရင် ကလေးလည်း အာဟာရချို့တဲ့လာမှာဖြစ်ပါတယ်။ ဤကလေးဟာ မိခင်ပေါ်တွင် လုံးလုံးလျားလျား မှီခိုနေရတဲ့အတွက် "ငါ အသက်ရှင်သည်တွင် မိခင်ပင်ဖြစ်၏"လို့ပင် ပြောလို့ရနေပါပြီ။

ထိုနည်းတူစွာ ဤကမ္ဘာလောကမှာ ကျွန်တော်တို့နေထိုင်အသက်ရှင်စဉ် ကျွန်တော်တို့အားလုံးဟာ သခင်ယေရှုခရစ်တော်အပေါ်မှာ လုံးလုံးလျားလျားမှီခိုနေရပါတယ်။

*ငါသည်အသက်ရှင်သောကြောင့် သင်တို့သည်လည်း အသက်ရှင်ရကြလိမ့်မည်။ (ယောဟန်၊၁၄း၁၉)*

သခင်ခရစ်တော်သာ ထာဝရအသက်ရှင်ခြင်းမရှိနိုင်ရင် ကျွန်တော်တို့အားလုံးလည်း ထာဝရအသက်ရှင်ခွင့်မရနိုင်တော့ပါဘူး။ သူ့အားဖြင့်သာလျှင် ကျွန်တော်တို့ ထာဝရအသက်ရှင်ခွင့်နိုင်ရကြပါတယ်။

ခရစ်တော်ပေးတာမှန်သမျှကို သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသော ချက်ကြိုးအားဖြင့် ကျွန်တော်တို့ လက်ခံရရှိကြပါတယ်။ ခရစ်တော်ကလည်း ကျွန်တော်တို့ကို ဒီအတိုင်းဘဲ ဖြစ်စေချင်ပါတယ်။ ခရစ်ယာန်အသက်တာဆိုသည်မှာ ခရစ်တော်ကို လုံးလုံးလျားလျား မှီခိုအားကိုးပြီး အသက်ရှင်ရသော အသက်တာဘဲဖြစ်ပါတယ်။

ခရစ်တော်ဘုရား ကိုယ်တော်တိုင်သည်လည်းဘဲ ဤကမ္ဘာလောကမှာအသက်ရှင်စဉ်အခါ သူဟာ ထာဝရဘုရားကို လုံးလုံးလျားလျားမှီခိုအားကိုးခဲ့ပါတယ်။ ဒီအသက်တာကို လူသားများ စံနမူနာယူဖို့အတွက် သူအသက်ရှင်ပြသသွားခဲ့ပါတယ်။

*ငါသည်ကိုယ်အလိုအလျောက် အဘယ်အမှုကိုမျှ မပြုနိုင် (ယော၊၅း၃၀-က)* ။

တကယ်တော့ ခရစ်တော်ဟာ ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်တဲ့အတွက် အရာရာတိုင်းကို သူတတ်နိုင်လုပ်နိုင်ပါတယ်။ သို့သော် သူဟာလူ့လောကမှာ လူသားအဖြစ်ခံယူဖို့ ရွေးချယ်ဆုံးဖြတ်ခဲ့တဲ့အခါမှာတော့ ထိုလူသားဖြစ်စဉ်ကာလတည်းဟူသော သုံးဆယ့်သုံးနှစ်ဆိုတဲ့အချိန်အတောအတွင်းမှာ အဖမည်းတော် အပေါ်တွင် လုံးလုံးလျားလျား မှီခိုရင်း နာခံတတ်တဲ့အသက်တာကို လူသားများအား စံနမူနာအဖြစ် ပြသသွားခဲ့ပါတယ်။ လူ့ဇာတိကို ခံယူခဲ့တဲ့အချိန်ကာလမှာ လူသားတယောက်အနေနဲ့ သူ့အလိုအတိုင်း သူဘာတစ်ခုမှ မလုပ်ခဲ့ပါဘူး။ သူစကားပြောလျှင်လည်း ထိုစကားများတို့ဟာ ဘုရားသခင်ပြောစေလိုတဲ့ စကားများသာဖြစ်ပြီး သူ့ရဲ့လုပ်ဆောင်ချက် အားလုံးဟာလည်း ဘုရားသခင်က သူ့ကိုလုပ်စေလိုသောအရာ

များသာဖြစ်ပါတယ်။

*ငါသည် ကိုယ်အလိုအလျောက် အဘယ်အမှုကိုမျှ မပြုဘဲ၊ ငါ့ခမည်းတော်သည် ငါ့အား နည်းပေးတော်မူသည်အတိုင်း ငါဟောပြောသည်ကိုငှင်း၊ သင်တို့သည် သိကြလိမ့်မည်။ (ယော၊၈း၂၈)*

*ယေရှုကလည်း၊ သင်တို့အား ငါအမှန်အကန်ဆိုသည်ကား၊ ခမည်းတော်ပြုတော်မူသောအမှုကို သားတော်သည်မြင်၍သာ ပြု၏။ မိမိအလိုအလျောက် အဘယ်အမှုကို မျှမပြုနိုင်။ ခမည်းတော်ပြုတော်မူသမျှ အတိုင်း သားတော်လည်းပြု၏ (ယော ၅း၁၉)။*

*ငါပြု သောအမှုတို့ကိုကား၊ ငါ၌တည်နေတော်မူသော ခမည်းတော်သည်ပြုတော်မူ၏ (ယောဟန်၊၁၄း၁၀)။*

ခရစ်တော်ယေရှုဟာ အဖခမည်းတော် အပေါ်၌ လုံးလုံးလျားလျား မှီခိုအားထားပြီး အသက်ရှင်သလို ကျွန်တော်တို့ တစ်ယောက်စီဟာလည်း ခရစ်တော်အပေါ်မှာ လုံးလုံးလျားလျား မှီခိုအားထားပြီးအသက်ရှင် ရမှာဖြစ်ပါတယ်။

ဒါကြောင့် ရှင်ပေါလုရေးသားခဲ့သည်က *“ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခုငါရှင်သော အသက်သည် ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဘို့ ကိုယ်ကိုကိုယ်စွန့်တော်မူ၏” (ဂလာတိ၊ ၂း၂၀)။*

ဒါကြောင့် ကျွန်တော်တို့သိရမှာက ခရစ်တော်ဟာ ကျွန်တော်တို့အထဲမှာ အသက်ရှင်ပြီး သူ့အလုပ်ကို သူလုပ်နေပါတယ်။ ကျွန်တော်တို့လုပ်ဆောင်ရမယ့် အပိုင်းက ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ပြီး မိမိခန္ဓာကိုယ်မှတဆင့် ခရစ်တော်အား အသက်ရှင်ခွင့်ပေးဖို့ဘဲဖြစ်ပါတယ်။

မိခင်ဝမ်းတွင်းမှ ကလေးငယ်ဟာ ချက်ကြိုးနဲ့ ဆက်သွယ်ထားခြင်းအားဖြင့် မိခင်ကို လုံးလုံးလျားလျား မှီခိုအားကိုး အသက်ရှင်သလို ကျွန်တော်တို့ ခရစ်ယာန်များဟာလည်း သန့်ရှင်းသောဝိညာဉ်တော်နဲ့ဆက်သွယ်ထားခြင်းအားဖြင့် ခရစ်တော်ရဲ့ အသက်တာကိုလက်ခံယူပြီး ခရစ်တော်ကို လုံးလုံးလျားလျား မှီခိုအားကိုး အသက်ရှင်ရင်း “ငါအသက်ရှင်သည်အရာမှာ ခရစ်တော်ဖြစ်၏”ဆိုတာကို ခံယူကြဖို့ဘဲရှိပါတယ်။

-စတယ်လာဝေ-



## မှတ်သားစရာ

ဥပုသ်နေ့တစ်နေ့တွင်ဖြစ်သည်။

ဥပုသ်ဖြေကျောင်းဆရာမကသူ့အတန်းသားများကိုမေးခွန်းတစ်ခုကိုမေးပါသည်။

“ကလေးတို့၊ ကမ္ဘာဦးကျမ်းမှာအာဒံနဲ့ဧဝ တို့ဟာပရဒိသုဘုံလို့ခေါ်တဲ့ဧဒင်ဥယျာဉ်ထဲမှာဘယ်လောက်ကြာကြာ နေထိုင်ရသလဲကွဲ့. . . ”

တကယ်တော့ဆရာလိုချင်သည့်အဖြေမှာ. . .

“ရှေးမြွေဟောင်းလို့ခေါ်တဲ့စာတန်ရဲ့လှည့်စားမှုမခံရခင်အချိန်အထိ၊ ဒါမှမဟုတ် အပြစ်သစ်သီးကို မစားရခင်အချိန်အထိ” ဟူ၍ဖြစ်သော်လည်း၊ ကလေးငယ်တစ်ယောက် (တောင်တန်းဒေသမှလာသူ) က သွက်လက်စွာဖြင့်. . . .

“စက်တင်ဘာလ (၁၅) ရက်နေ့အထိဖြစ်ပါတယ်။”

“ဟိုက်”

ဆရာခမျာ အံ့သြကြီးစွာဖြင့်ဘယ်လိုကြောင့်လဲဟုတုန့်တုန့်ဆိုင်းဆိုင်းမေးရလေသည်။ ကလေးငယ်ကတော့ တိတိကျကျပင်. .

“သူတို့ကပန်းသီးစားပြီးမှထွက်သွားရတာမဟုတ်လား”

ကြည့်စမ်း။ ပန်းသီး. . . . တဲ့။ အတိအကျဘဲ။ ဆရာက အင်း. . . . ထားပါတော့ဟုဖြေလျှင်. . .

“ပန်းသီးဆိုတာမျိုးကစက်တင်ဘာလ (၁၅)ရက်ထက်စောပြီးမှည့်လေ့မှည့်ထမှမရှိတာ။ ပန်းသီးမှည့်မှ ဧဝ ကစားရမှာ။ ဒါကြောင့်စက်တင်ဘာလ (၁၅) ရက်နေ့အထိ ဧဒင်ဥယျာဉ်ထဲမှာကျိန်းသေရှိကိုရှိရမယ်” တဲ့

ကဲ. . . . . မှတ်သားစရာမကောင်းပေဘူးလား။

***(ဆိုး စုဆောင်းတင်ပြသည့်ဓမ္မဟာသများထဲမှကောက်နှုတ်တင်ပြထားပါသည်။)***

# ကယ်တင်ခြင်းသင်ခန်းစာများ

(ဘုရားသခင်၏အလိုတော်)

မိတ်ဆွေအပါအဝင်ကမ္ဘာပေါ်ရှိလူသားတိုင်း ကယ်တင်ခြင်းသို့ရောက်ဖို့ရန်ဘုရားသခင်အလိုရှိသည်။ ၁ တိ၊၂း၄ ၌ "လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍၊ သမ္မာတရားကို သိစေခြင်းငှာ ဘုရားသခင်အလိုတော်ရှိ၏" ဟုဆိုထားပါသည်။ မိတ်ဆွေလည်း လူအပေါင်းထဲ၌ပါဝင်သောကြောင့် ဘုရားသခင်သည် မိတ်ဆွေကိုကယ်တင်ခြင်းသို့ ရောက်စေလိုသည်။ မိတ်ဆွေ. . . ကယ်တင်ခြင်းသို့ရောက်လိုပါသလား။

## ယုံကြည်ခြင်းဖြင့်။

မိတ်ဆွေသည် ကယ်တင်ခြင်းသို့ရောက်ရန် ကျမ်းစာက ဤသို့ဆိုထားပါသည်။ "ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။" (ဧ ၂း၈) တနည်းအားဖြင့် ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။

ကျေးဇူးတော်(သို့) ကျေးဇူးပြုခြင်းသည် ဘုရားသခင်၏တာဝန်ဖြစ်သည်။ ယုံကြည်ဖို့ရန်မှာလူ၏ တာဝန်ဖြစ်သည်။ ဘုရားသခင်အနေဖြင့်လူတိုင်း ကယ်တင်ခြင်းသို့ ရောက်ရန်ကျေးဇူးပြုခဲ့ပြီးပြီ။ ထိုကျေးဇူးတော်(သို့)ကျေးဇူးပြုခြင်းကိုယုံကြည်ဖို့ရန်သာလိုတော့သည်။မိတ်ဆွေယုံကြည်လိုပါသလား။

ဘုရားအပိုင်း + လူအပိုင်း

ကယ်တင်ခြင်း

ကျေးဇူးပြုခြင်း ယုံကြည်ခြင်း

## ကြားနာခြင်းအားဖြင့်။

ကယ်တင်ခြင်းသို့ရောက်ရန် လူ့အပိုင်းမှလိုအပ်ချက် သည်ယုံကြည်ဖို့ဖြစ်ကြောင်း၊ ဖော်ပြခဲ့ပြီးပြီ။ သို့ဖြစ်လျှင် ယုံကြည်ခြင်းသည် အဘယ်ကဖြစ်သနည်း။ ကျမ်းစာက၊ "ယုံကြည်ခြင်းသည်ကြားနာခြင်းအားဖြင့်ဖြစ်သည်၊ ကြားနာခြင်းသည်လည်း ဘုရားသခင် ၏စကားတော်အားဖြင့်ဖြစ်၏" ဟုဆိုထားပါသည်။ (ရော ၁၀း၁၇) ထို့ကြောင့်ကြားနာခြင်းမရှိလျှင် ယုံကြည်ခြင်းမရှိနိုင်ချေ။ ရော၁၀း၁၄ ၌လည်း "သတင်းမကြားလျှင်အဘယ်သို့ယုံကြည်နိုင်မည်နည်း" ဟုဆိုထားသည်။

## သဘောတူထောက်ခံခြင်း။

ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်ကြောင်းသိရပြီ။ သို့သော် ကြားရသောအရာကိုသ ဘောမတူ၊ မထောက်ခံ (သို့)သံသယရှိလျှင် ယုံကြည်သည်ဟု မဆိုနိုင်သေးချေ။ မိမိကြားရသောစကားကို သဘောတူ၊ ထောက်ခံခြင်း၊ သံသယလည်းမရှိ၊ စောဒကမတက်မှသာလျှင် ယုံကြည်သည်ဟု ဆိုနိုင်သည် တနည်းအားဖြင့် မိမိကြားသည့်အတိုင်း ပြန်လည်ပြောပြခြင်း၊ ဝန်ခံခြင်းဖြစ်သည်။

ဥပမာ၊ လူတစ်ယောက်က သူ့နာမည်သည် မောင်မောင်ပါဟု သူ့ကိုယ်သူ မိတ်ဆက်လျှင် ကြားနာသူတစိမ်းတစ်ယောက်အနေဖြင့် သူ့စကားကို ထောက်ခံနိုင် သဘောတူနိုင်ပါက ယုံကြည်သည်ဟု ဆိုနိုင်သည်။ ကြားသောသူက " ဟုတ်ကဲ့၊ သင်ပြောသည့်အတိုင်း သင်သည် မောင်မောင်ဖြစ်ပါသည်" ဟုဘောတူ၍ သံသယမရှိ၊ စောဒကလည်းမတက်မှ သူပြောသည့်အတိုင်း မောင်မောင်ဟုပြန်ပြောမှ ယုံကြည်သည်ဟုဆိုနိုင်သည်။ ပို၍ယုံသင့်သောအရာ။

လူသည်လိမ်ညာ၍ မုသာစကားကို ပြောတတ်သည်။ သို့သော်လည်း တစ်ယောက်နှင့်တစ်ယောက် ယုံကြည်တတ်ကြသည် အပြောကောင်းအဆိုကောင်းလျှင် ယုံလွယ်တတ်ကြသည်။ သို့သော် မုသာမပြောဘူးသော ဘုရားသခင်၏ စကားတော်များကိုကား မယုံကြည်တတ်ကြ။ ဘုရား၏ကတိတော်များကို သံသယရှိကြသည်။ ဘုရားစကားထက် လူလူချင်းပေးသောကတိကို ယုံတတ်ကြသည်။ သို့သော် ကျမ်းစာက "လူ၏သက်သေကိုယုံရလျှင် ဘုရားသခင်၏ သက်သေတော်ကိုပို၍ယုံဘွယ်ရာအကြောင်းရှိ၏" ဟုဆိုထားသည်။ (၁ ယော၅း၉)

လူပြောသောစကားထက် ဘုရားပြောသောစကားကို ပို၍ယုံသင့်သည်ဟု ဆိုထားသည်။ မိတ်ဆွေသည် ဘုရားစကားနှင့် လူ့စကားအနက် မည်သူ့စကားကိုပို၍ ယုံကြည်ပါသနည်း။ ဘုရားပြောသော စကားကို ပို၍ယုံပါသည်ဟု မိတ်ဆွေဖြေလျှင်ဘုရားပြောသမျှကိုထောက်ခံနိုင်ရမည်။ မိတ်ဆွေမသိနား မလည်နိုင်သော်လည်း သံသယကင်းစွာ သဘောတူနိုင်ရမည်။

## အမြင်ခြင်းအကြံခြင်းမတူသောကြောင့်

လူသည်အဘယ်ကြောင့် ဘုရားစကားကိုမယုံကြည်နိုင်ကြသနည်း။ အဘယ်ကြောင့်ဘုရားစကား ကိုအလွယ်တကူ မထောက်ခံနိုင်ကြသနည်းဟူမူကား ဘုရားအမြင်နှင့် လူ့အမြင်အကြံမတူသောကြောင့်ဖြစ်သည်။

ဘုရားသခင်ကိုယ်တိုင်က "ထာဝရဘုရားသည် လူမြင်သကဲ့သို့ မြင်တော်မူ

သည်မဟုတ်” ဟုဆိုထားသည်။ (၁ ရာ၊ ၁၆း၁၇) တဖန်၊ ထာဝရဘုရား မိန့်တော်မူသည်ကား ငါ၏အကြံအစည်သည် သင်တို့၏ အကြံအစည်နှင့်မတူ၊ ငါ၏အကျင့်သည်လည်း သင်တို့၏အကျင့်နှင့်မတူ။ မိုးကောင်းကင်သည် မြေကြီးထက်သာ၍ မြင့်သကဲ့သို့ ငါ၏အကျင့်သည် သင်တို့၏အကျင့်ထက်၄င်း၊ ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်ထက်၄င်း သာ၍ မြင့်၏” ဟုဆိုထားသည်(ဟေရှာ ၅၅း၈-၉)။

ထို့ကြောင့် လူသည်ဘုရားသခင်၏ စကားကို ယုံကြည်နိုင်ဖို့ရန်မှာ ဘုရားသခင် အမြင်အတိုင်းမြင်၍ ကိုယ့်အမြင်ကိုပယ်ဖို့လိုသည်။ ကိုယ့်အကြံအစည် ကိုစွန့်လွှတ်၍ ဘုရားအကြံအစည်အတိုင်း လက်ခံကြံစည်ဖို့လိုသည်။

**သာဓကများ**

ဘုရားအမြင်နှင့်လူ့အမြင် မတူညီချက်များကို အောက်ပါသာဓကများအားဖြင့် သိနိုင်သည်။

(က)ဘုရားသခင်၏အမြင်၌ လူ့ဝိညာဉ်သည် တန်ဘိုးရှိသည်။ လူ့အမြင်၌ ဝိညာဉ်ထက်ကိုယ်ခန္ဓာသည် ပို၍ တန်ဘိုးရှိသည် (မ ၁၆း၂၆)။

(ခ) ဘုရားသခင်က နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းကို အရင်ရှာခိုင်းသည်။ လူက အစားအသောက်နှင့် အဝတ်အစားကို အရင်ရှာချင်သည် (မ ၆း၃၁-၃၃) (အုမတောင့်မှ သီလစောင့်နိုင်မည်ဟု ဆိုပါသည်)

(ဂ) ဘုရားသခင်က အထက်(ကောင်းကင်) အရာကိုရှာပါဟုဆိုသည်။ လူကမြေကြီး အရာကိုသာ ရှာချင်သည်။ (ကော ၃း၃)

(ဃ)ဘုရားသခင်က ဘဏ္ဍာများကို ကောင်းကင်၌ စုထားကြပါဟုဆိုသည်။ လူက မြေကြီးထဲ၌မြှုပ်လိုသည်။

(င)ဘုရားက အကောင်းဟုဆိုလျှင် လူက အဆိုး၊ အလင်းကိုအမိုက်၊ အချိုကိုအခါး ဟု အလွဲယူဆတတ်သည် (ဟေရှာ ၅း၂၀)။

ဆက်လက်ဖော်ပြပါက ဘုရားနှင့်လူတို့၏ အမြင်နှင့်အကြံတို့သည် တူညီချက်မရှိချေ။ အမြဲ ဆန့်ကျင်ဖက်ဖြစ်ကြသည်။ ထို့ကြောင့်အမြင်ခြင်း အကြံခြင်းမတူသော ဘုရား၏စကားကို လူ့အနေဖြင့် ယုံကြည်ဖို့ရန် ခက်နေသည်။

ပယ်ဖို့လိုသည်။

ထိုသို့ဘုရားအမြင်နှင့်လူ့အမြင်၊ ဘုရား အကြံအစည်နှင့်လူ့အကြံအစည် မတူညီသောကြောင့် တဖက်ဖက်၌ မှားယွင်းပေမည်။ သို့ဖြစ်လျှင် မည်သူမှားယွင်းနိုင်သနည်း။ ဘုရားကတော့ မှားနိုင်မည် မဟုတ်။ လူ့အမြင်သာလျှင်မှားနိုင်ပေမည်။ ထို့ကြောင့် လူသည်မိမိအမြင်နှင့်အကြံကိုပယ်၍ ဘုရားအမြင်နှင့်အကြံအတိုင်း လက်ခံတတ်ဖို့လိုသည်။

ထိုသို့ ဘုရားသခင်အမြင်အတိုင်းမြင်၍ ဘုရား အကြံအတိုင်းကြံနိုင်လျှင် ဘုရားသခင်နှင့် သူ၏စကား ကိုယုံကြည်ဖို့ရန် မခက်တော့ချေ။ အလွယ်တကူသဘောတူ ထောက်ခံလာနိုင်ပေမည်။ စိတ်နှလုံးခိုင်မာသောသူနှင့်၊ ငါသည် ပညာရှိသည်ဟု ထင်သောသူတို့သည် မိမိ၏အမြင်နှင့် အကြံကိုမပယ်နိုင်ကြသောကြောင့် ဘုရားသခင်ကိုမယုံကြည်နိုင်ကြချေ။ မိတ်ဆွေ. . . ဘုရားသခင်၏အမြင်အတိုင်းမြင်၍ ဘုရား၏အကြံတော်အတိုင်းလက်ခံလိုပါသလား။ ဘုရားသခင်ကိုယုံကြည်ချင်ပါသလား။

ဧဝံဂေလိဆရာတစ်ဦး



**လူဆိုသည်မှာ**

တခါကရေပေါ်မှာ လမ်းလျှောက်ပြေးလွှားတတ်တဲ့ခွေးတစ်ကောင်ကိုပိုင်ဆိုင်ထားတဲ့ခွေးပိုင်ရှင်ဟာ သူ့ခွေးရဲ့စွမ်းဆောင်နိုင်မှုကို ဝါကြွားလိုတဲ့အတွက် သူငယ်ချင်းဖြစ်သူတစ်ယောက်ကိုခေါ်ပြီး တောထဲမှာဘဲငန်းပစ်ထွက်သတဲ့။ ရေကန်ကြီးတစ်နေရာကိုရောက်တော့ ရေကန်ကြီးရဲ့အပေါ်မှာ ဝဲပျံနေတဲ့ဘဲတွေကိုပစ်လိုက်တော့ သေနတ်မှန်တဲ့ ဘဲတွေဟာရေကန်ကြီးပေါ်ကို ပြုတ်ပြုတ်ပြီးကျတယ်။ သူရဲ့ခွေးကလေးကလည်းမမောနိုင်မပန်းနိုင်ရှာဘဲ ရေကန်ပေါ်ပြုတ်ကျတဲ့ဘဲတွေကို အပြေးအလွှားလိုက်ကောက်ပေးတယ်။ သူ့ခွေးကလေးကသိပ်တော်ကြောင်း သိပ်ထူးဆန်းကြောင်း ပြောမယ်လို့ထင်ပေမဲ့ သူငယ်ချင်းဖြစ်သူထံမှ မည်သည့် စကားတစ်ခွန်းကိုမျှဟမလာဘူးဆိုဘဲ၊ အဲဒါနဲ့ပြန်လာကြရော ခွေးပိုင်ရှင်ခမျာနေမထိထိုင်မသာဖြစ်လာပြီး သူ့ခွေးကို ဘယ်လိုမြင်သလဲလို့ မေးရှာတော့. .

“ခင်ဗျားခွေးက တော်တော်ညံ့တဲ့အကောင်ဘဲဗျ၊ ခွေးဆိုရင်ရေကူးတတ်ရတယ်၊ ခင်ဗျားအကောင်ကရေလဲ မကူးတတ်ဘူး၊ ညံ့လိုက်တာ” ဟူသတတ်။ မိတ်ဆွေဆိုရင်ကော သည်လိုဘဲမြင်မှာလား?

သောင်းနိုး

# နေ့စဉ်ခွန်အား

## တစ်ယောက်တည်းမလုပ်နဲ့

(ဟေဗြဲ ၁၀း၁၉-၂၅)

ဓမ္မသစ်ခေတ်အခါက ယုံကြည်သူများသည် ဆုတောင်းအဖွဲ့များ၊ အိမ်အသင်းတော်များ စသည်တို့၌ အတူတကွစုပေါင်းဝတ်ပြုကြခြင်းအားဖြင့် သူတို့ ၏ခရစ်ယာန်အသက်တာကြီးထွားရင့်ကျက်တိုးတက် လာရေးတွင် တစ်ဦးတည်းကျိုးစားအားထုတ်ခြင်းထက် များစွာအထောက်အကူပေးသည်။

ကျွန်ုပ်သည်လည်း အဖွဲ့လေးတစ်ဖွဲ့တွင် ပါဝင်လှုပ်ရှားခြင်းအားဖြင့် အားပေးထောက်ပံ့မှုများစွာရ ရှိခဲ့ဖူးသည်။ စိတ်နှင့်ကိုယ်ခန္ဓာကျန်းမာရွှင်လန်းရန် လေ့ကျင့်ခန်းမှန်မှန်ယူဖို့ လိုကြောင်းကို ကျွန်ုပ်သိသော်လည်း လေ့ကျင့်ခန်းအစီအစဉ်များယူပြီး များမကြာမီမှာပင် ကျွန်ုပ်ရပ်ဆိုင်းလိုက်တော့သဖြင့် ကျွန်ုပ်၏ခန္ဓာကိုယ်မှာတဖြည်းဖြည်းပုံပျက်ပန်းပျက်ဖြစ်လာတော့သည်။ လုပ်ဖော်ကိုင်ဖက် တစ်ဦးက နေ့လည်စာအားလပ်ချိန်တွင် ရုံးရှိလူအချို့တို့နှင့်အတူ အပြေးလေ့ကျင့်ခန်းပြုလုပ်ရန် အကြံပြုသဖြင့်သူတို့ နှင့်အတူ ပူးပေါင်းပါဝင်ရန် စိတ်ဆုံးဖြတ်လိုက်သည်။ အမှန်တကယ်ပင် ထိရောက်မှုရှိကြောင်းကို တွေ့ရသည်။ အကယ်၍ ကျွန်ုပ်တစ်ယောက်တည်းကြိုးစားမည်ဆိုလျှင် အကြောင်းပြချက်အမျိုးမျိုးဖြင့်အကြိမ် တစ်ရာလက်လျှော့ပစ်သည်သာဖြစ်၏။ ယခုမှာမူ အတူတကွပြေးနေစဉ် တစ်ယောက်နှင့်တစ်ယောက် အားပေးမှုကြောင့် ကျွန်ုပ်မှာမိုင်တစ်ရာကိုပင် ဖြတ်ကျော်ပြေးလွှားနိုင်ခဲ့သည်။

အသင်းတော်များအတွင်း ဤအချက်ကိုကျင့်သုံးရန် သာ၍အရေးကြီးပေသည်။ ဟေဗြဲစာစောင်ကိုရေးသားခဲ့သူက “ ထိုမှတပါး မေတ္တာစိတ်ရှိစေခြင်းငှါ၎င်း၊ ကောင်းသောအကျင့်ကိုကျင့်စေခြင်းငှါ၎င်း တိုက်တွန်းနှိုးဆော်ရသောအခွင့်ကိုရှာ၍ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ထောက်စာကြည့်ရှုကြကုန်အံ့ ” ဟုနှိုးဆော်ထားပါသည်။ အတူတကွစုပေါင်းခြင်းသည် ယုံကြည်သူများအား ကျေးဇူးတော်နှင့်ခရစ်တော်ကိုသိကျွမ်းသောဉာဏ်တိုးပွါးအောင်အကူ အညီပေးစေ့ဆော်ပေးသည့်အရာပင်ဖြစ်သည်။

တစ်ဦးတစ်ယောက်တည်း မလုပ်ဆောင်ပါနှင့် မျှဝေခံစားကြသော အဖွဲ့အစည်းအတွင်းတွင် အားပေးထောက်ပံ့မှုကြီးတည်ရှိနေပေသည်။

*ဆင်ခြင်ရန်။ ။ နှုတ်ကပတ်တော်ကိုမှန်ကန်စွာယုံကြည်သွန်သင်သောအသင်းတော်သို့ သင်သစ္စာရှိစွာတက်ရောက်ပါသလား။ ထိုအသင်းတော်သို့သွားရောက်ရသည်(သို့)မသွားသည့်အကြောင်းအရင်းကားအဘယ်နည်း။ ခရစ်တော်၌ယုံကြည်သူညီအစ်ကိုချင်းအား သင်မည်သို့အားပေးထောက်ပံ့တတ်သနည်း။ ယုံကြည်သူများသည် မီးတောက်နေသောမီးသွေးခဲများနှင့်တူသည်။ အတူတကွရှိလျှင်တောက်လောင်နေပြီး ကွဲပြားနေလျှင်ပြာဖုံးငြိမ်းသွားပေ၏။*

## ဘုရားရှင်ကိုယုံပါသလား

(၁တိ ၆း၆-၁၉)

ငွေသည် ဒုစရိုက်ကောင်ကြီးမဟုတ်ငြားလည်း သွေးဆောင်ဖြားယောင်းတတ်၏။ ယနေ့ဖတ်ရန်ကျမ်းပိုဒ်၌ ဘုရားသခင်အားယုံကြည်ရမည့်အစား ငွေကိုအားထားခြင်း(၁တိ ၆း၁၇)ဟူသည့်ကျွန်ုပ်တို့ သက်ဆင်းတတ်သောကျော့ကွင်းအဖြစ် ဖော်ပြထား၏။

ဘုရားသခင်၌သာ ယုံကြည်မှုကိုထားရှိရန် ကျွန်ုပ်တို့ပြောဆိုနေကြငြားလည်း လက်တွေ့၌ကား တခြားစီပင်။ ငွေပုံကြီးတစ်ပုံက ဘုရားရှင်၏တာဝန်ယူမှုထက်ပို၍ လုံခြုံမှုပေးနိုင်သည်ဟုထင်မြင်ရသည်။ သို့ရာတွင် ငွေကြေးသည် စိတ်မချရသောအရာဟု ရှင်ပေါလုက အခိုင်အမာပြောကြားခဲ့သည်။ အမှန် ပင်ငွေပြတ်လတ်မှုနှင့်ရင်ဆိုင်ကြုံနိုင်သော်လည်း ကျွန်ုပ်တို့၏လိုအပ်ချက်နှင့် နှစ်သက်ပျော်ရွှင်ဘွယ်ရာတို့ကိုပြင်ဆင်ထောက်ပံ့ပေးသောဘုရားရှင်၏တန်ခိုးတော်ကား ဘယ်သောအခါမှ ရပ်တန့်ကုန်ခန်းသွားခြင်းမရှိပေ။

ဘုရားရှင်၏ အတိုင်းအဆမဲ့တန်ခိုးတော်၏လုပ်ပေးမှုတို့ကို သိမြင်ရန်အတွက် ငွေသည် အတိုင်းအတာ တစ်ခုအတွင်းသာ အစွမ်းရှိကြောင်းကိုဆင်ခြင်သင့်လှ၏။ ဗဲဂေလိဝေစာတစ်ခုအားဖြင့် ဤအချက်ကိုကျွန်ုပ်နားလည်ခဲ့ရသည်။ ထိုဝေစာ၏နောက်ကျောတွင် အောက်ပါစာသားကိုဖော်ပြထားသည်။ “ငွေဖြင့်အိပ်ယာဝယ်နိုင်သော်လည်း အိပ်ပျော်သောအခွင့်ကိုမဝယ်နိုင်။ အစားအသောက်ကိုဝယ်နိုင်သော်လည်း စားကောင်းသောခံတွင်းအရသာကို ဝယ်ယူမရနိုင်။ နေထိုင်စရာအိမ်ကိုဝယ်နိုင်သော်လည်း ခိုလှုံရာချမ်းမြေ့ရိပ်မြုံကို မဝယ်နိုင်။ ရွှင်မြူးစေသော ရုပ်ပစ္စည်းများရနိုင်သော်လည်း ဝမ်းမြောက်ပျော်ရွှင်မှုမရနိုင်။ ကားတိုင်ကိုဝယ်နိုင်သော်လည်း ကယ်တင်ရှင်အားမဝယ်ယူနိုင်။ ဘုရားကျောင်းရှိခုံတန်းရှည်ကိုပေးဝယ်၍ ရနိုင်သော်လည်း ကောင်းကင်နိုင်ငံကိုဝယ်၍မရ။ ငွေဖြင့်ဝယ်ယူ၍မရနိုင်သောအရာများကို ယေရှုခရစ်တော်က အခမဲ့ပေးဝေနေသည်။” ခရစ်တော်အား သင်၏ကယ်တင်ရှင်အဖြစ်ကိုးစားပါက ရုပ်ပစ္စည်းများကြောင့် သောကဝေဒနာလွှမ်းမိုးမှုဒဏ်ကိုခံစရာမရှိပါ။ ခရစ်တော်၏အုပ်စိုးမှုအောက်၊ ဝိညာဉ်ရေးရာနှင့်ဆိုင်သောကြွယ်ဝခြင်း၌ တည်ရှိနေပါ၏။ ငွေဖြင့်ဝယ်ယူမရနိုင်သောကြုံတောင့်ကြုံခဲဖြစ်ရပ်များကို သင်ခံစားသိရှိလာမည်။

(၁တိ ၆း၆) ၌ “ရောင့်ရဲသောစိတ်ပါလျှင်ဘုရားဝတ်၌မွေ့လျော်ခြင်းသည် ကြီးစွာသောအကျိုးစီးပွါးမှန်၏” ဟုဖော်ပြထားသည်။

*ဆင်ခြင်ရန်။ ။ ငွေနှင့်ပတ်သက်၍ သင်၌မည်သည့်သောကပွါးနေသနည်း။ ဘုရားရှင် မ မစနိုင်သောအရာကားအဘယ်နည်း။ ငွေရေးကြေးရေးနှင့်ပတ်သက်သောသင့်စိုးရိမ်မှုများကို ဘုရားသခင်ထံ၌ယခုအပ်နှံပါ။ တင်းတိမ်ရောင့်ရဲခြင်းရှိသူသည် ဘယ်သောအခါမျှမဆင်းရဲ၊ မတင်းတိမ်မရောင့်ရဲနိုင်သူလည်း ဘယ်အခါမျှမချမ်းသာပေ။*

**နေ့စဉ်ခွန်အားစာစောင်မှကောက်နှုတ်တင်ပြသည်**

# ဆုတောင်းခြင်း၏တန်ခိုး

***ယခင်လမှအဆက် –***

နှလုံးသားကိုပြင်ဆင်ခြင်းထက် ဦးနှောက်ကိုဖြည့်ဆည်းခြင်းကသာ ပို၍လွယ်၏။ ဦးနှောက်မှ တရားဒေသနာပြင်ဆင်ခြင်းသည် နှလုံးသားမှပြင်ဆင်ခြင်းထက် သာ၍လွယ်၏။ ဘုရားသခင်၏သားတော်ကို ကောင်းကင်ဘုံမှ ဆွဲချနိုင်သောအရာသည် နှလုံးသား (heart) ပင်ဖြစ်သည်။ လူသားများကို ကောင်းကင်ဘုံ ရောက်စေနိုင်သောအရာသည်လည်း နှလုံးသားပင်ဖြစ်သည်။

ဒုက္ခပင်လယ်ဝေနေသော ဤကမ္ဘာမြေကြီးကို စာနာထောက်ထားမှုရှိရန် သော်၎င်း၊ လောကဝမ်းနည်းကြေကွဲမှုကို နမ်းရှုပ်ကာ ပပျောက်စေရန်သော်၎င်း၊ လောကစိတ်ဆင်းရဲမှုကို အကြင်နာတရားထားရန်သော်၎င်း၊ ဤလောကသည် စစ်မှန်သောနှလုံးသား ရှိသည့်လူကို လိုအပ်လျက်ရှိသည်။ ခရစ်တော်သည် ဝမ်းနည်းကြေကွဲသောလူဖြစ်ရာ၌ ထင်ရှားကျော်ကြားသည်။ အဘယ်ကြောင့်ဆိုသော် စစ်မှန်သောနှလုံးသား ကြိုတင်ရှိထားနှင့်သောကြောင့်ဖြစ်သည်။

"သင်၏နှလုံးသား ငါ့ကိုပေးပါ" ဟူသော စကားသည် လူသားများအား ဘုရားသခင်မှ တောင်းခံသောစကားဖြစ်သည်။ "သင်၏နှလုံးသား ကျွန်ုပ်ကိုပေးပါ" ဟူသောစကားသည် လူမှလူသို့ တောင်းခံသောစကားဖြစ်သည်။

**အသက်မွေးဝမ်းကြောင်းကိုသာ အဓိကထားလျက် ဆောင်ရွက်ရသော အမှုတော်သည် နှလုံးမပါသော အမှုတော်ဖြစ်သည်။** အမှုတော်တစ်ပါး၌ လစာများများတိုးလာလျှင်လည်း နှလုံးသားသည် ထူးခြားစွာလှုပ်ရှားမှုမရှိချေ။ တရားဒေသနာဟောခြင်းကို ကျွန်တော်တို့သည် စီးပွားရေးလုပ်ငန်းတစ်ခုကဲ့သို့ သဘောထားပါသော်လည်း

**ဒုက္ခပင်လယ်ဝေနေသော ဤကမ္ဘာမြေကြီးကို စာနာထောက်ထားမှုရှိရန် သော်၎င်း၊ လောကဝမ်းနည်းကြေကွဲမှုကို နမ်းရှုပ်ကာ ပပျောက်စေရန်သော်၎င်း၊ လောကစိတ်ဆင်းရဲမှုကို အကြင်နာတရားထားရန်သော်၎င်း၊ ဤလောကသည် စစ်မှန်သော နှလုံးသား ရှိသည့်လူကို လိုအပ်လျက်ရှိသည်....**

၎င်းလုပ်ငန်း၌ နှလုံးသားထားချင်မှ ထားပေလိမ့်မည်။ တရားဒေသနာဟောပြောရာ၌ မိမိကိုယ်မိမိ ရှေ့တန်းတင်သောသူသည် နှလုံးသားကို နောက်တန်း၌ထားတတ်သည်။ စာပေကျမ်းဂန်လေ့လာရာ၌ နှလုံးသားဖြင့် မျိုးစေ့မကြဲသော (ဂရုမစိုက်သော) သူသည် ဘုရားသခင်အတွက် ရိတ်သိမ်းသူမဖြစ်နိုင်ပေ။ ဆုတောင်းခန်းသည် နှလုံးသား၏ စာဖတ်ခန်းဖြစ်သည်။ စာဖတ်ခန်းထက် ဆုတောင်းခန်းတွင် တရားဒေသနာဟောမည့်အချက်နှင့် ဟောပုံဟောနည်း ပိုမိုသိရှိနိုင်သည်။ "ယေရှုသည်ငို၏" ဟူသောစကားစု (Jesus wept) သည် ကျမ်းစာ၌ အတိုဆုံးနှင့် အကြီးဆုံးသော ကျမ်းချက်ဖြစ်သည်။ မျက်ရည်ကျလျက် မျိုးစေ့ကြဲသောသူတို့သည် (နားထောင်၍ကောင်းသော တရားဒေသနာဟောသောသူမဟုတ်) မွန်မြတ်သော မျိုးစေ့ကိုကိုင်ကာ၊ ရွှင်လန်းစွာ ကောက်လှိုင်းများကို ကိုင်ဆောင်လျက်အမှန် ပြန်လာလိမ့်မည် (ဆာ ၁၂၆ း ၆)။

ဆုတောင်းခြင်းသည် စဉ်းစားဉာဏ်တိုးပွားစေသည်။ အသိပညာပေးသည်။ စိတ်နှလုံးကိုလည်း ချဲ့ထွင်နိုင်မာစေ၏။ ဆုတောင်းခန်းသည် တရားဟောဆရာအတွက် ပြီးပြည့်စုံသော ကျောင်းနှင့်ကျောင်းဆရာဖြစ်သည်။ ဆုတောင်းရာတွင် အတွေးအခေါ်စဉ်းစားဉာဏ်ပိုမိုရှင်းလင်းတောက်ပသည်သာ မကဘဲ၊ အတွေးအခေါ်သစ်များလည်း မွေးဖွားသည်။ နာရီပေါင်းများစွာ (စိတ်ဓာတ်) အပြေးအလွှား စာဖတ်ခြင်းထက် စိတ်အားထက်သန်စွာ တစ်နာရီမျှ ဆုတောင်းခြင်းဖြင့် အသိဉာဏ်ပိုမိုတိုးပွားစေ၏။ ဆုတောင်းခန်းတွင် အခြားသော နေရာများ၌မတွေ့ရသော စာအုပ်များစွာ တွေ့နိုင်သည်။ အခြားသော နေရာများ၌ မမြင်ရသော ဗျာဒိတ်တော်များကိုလည်း ဆုတောင်းခန်းတွင် မြင်တွေ့နိုင်သည်။

*(E.M: Bounds ၏ ဆုတောင်းခြင်း၏ တန်ခိုးစာအုပ် အခန်း (၉) မှ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။)*